# ဂျပန်မှာ ငှက်ပျောသီးရောင်းမလောက်



ဂျပန်နိုင်ငံမှာ မနက်ခင်းငှက်ပျောသီးဂိတ်လျှော့နည်း ဆိုတာ ခေတ်စားနေပြီး ဈေးဆိုင်တွေရဲ့ သီးနှံအရောင်းစင်တွေမှာ ငှက်ပျောသီးကိုရှာလို့တောင် မရနိုင်လောက်အောင်ကို ရှားပါးနေတယ် ဆိုတာပါပဲ။ အသက် ၂၁ နှစ်အရွယ် တက္ကသိုလ်ကျောင်းသူ ခဲအိကို က သူမအတွက်တော့ ဈေးဆိုင်တွေမှာ ငှက်ပျောသီးရှာဝယ်လို့မရတာဟာ တော်တော်လေးစိတ်ညစ်ညူးစရာလို့ဆိုပါတယ်။ သူမဟာ ဒီဂိတ်လျှော့နည်းကို စမ်းသတ်မယ်လို့စဉ်းစားခဲ့တာ ရက်တော်တော်ကြာပါပြီ။ ဒါပေမဲ့ နေ့တိုင်း ငှက်ပျောသီး ဝယ်ဖို့ ဆိုင်ကို ရောက်တိုင်း ဗလာဖြစ်နေတဲ့ အရောင်းစင်ကိုသာ တွေ့တွေ့နေရလို့ သူလက်လျှော့ပြီး ပြန်လာရပေါင်းများပါပြီတဲ့။ သူမရဲ့ ကိုယ်အလေးချိန်က ဘယ်တော့မှ ပေါင်၁ဂဂ ထက်မပိုပါဘူး။ ဂိတ်လျှော့ဖို့မလိုတဲ့ အလေးချိန်ပါ။ ဒါပေမဲ့ ခေတ်သစ်ဂျပန်မလေးတွေရဲ့ ထုံးစံအတိုင်း ဂိတ်လျှော့နည်းအသစ် ပေါ်တာနဲ့ အပြေးအလွှား စမ်းသတ်ကြည့်ချင်တာပါ။

ဒီလို ငှက်ပျောသီးရောင်းမလောက်အောင်ဖြစ်နေခြင်းဟာ အော်ပါရာအဆိုတော် ကူမိကို ကသူ့ကိုယ်အလေးချိန် ၁၅ပေါင် ကို ၆ပတ် အတွင်း ငှက်ပျောသီးဂိတ်လျှော့နည်းကို သုံးပြုပြီးလျှော့ချနိုင်ခဲ့တယ်လို့ တီဗီသတင်းမှာ ပါလာပြီးထဲကစတင်ခဲ့တာပါ။ ခုဆိုရင် ဂျပန်နိုင်ငံတဝှမ်းလုံးမှာ စူပါမတ်ကပ်တွေ နဲ့ ရပ်ကွက်ဈေးဆိုင်ကြီးတွေမှာ နေ့လည် ၁၂နာရီ နဲ့ ညနေ ၃နာရီ နောက်ပိုင်းဆို ငှက်ပျောသီးကုန်စည် ပြတ်သွားတာနေ့တိုင်းလိုလိုပါတဲ့။ လွန်ခဲ့တဲ့ ၄ လလောက်ကစပြီးတော့ ဂျပန်ကို ငှက်ပျောသီးတင်သွင်းနှုန်းဟာ မူလကထက်၂၅% အထိမြင့်တက်သွားတယ်လို့ ဆိုပါတယ်။ ဒီလို ၂၅% မြင့်တက်သွားတာတောင် ဈေးကွက်မှာ ငှက်ပျောသီးကုန်စည် လိုအပ်ချက်ကို မဖြည့်ဆည်းနိုင်သေးဘူးတဲ့။ ဂျပန်နိုင်ငံ အတွက် ငှက်ပျောသီးကုန်စည်ကို ဖိလစ်ပိုင်နိုင်ငံက အဓိကတင်သွင်းခဲ့တာ နှစ်ပေါင်း ၄ဂ ရှိပြီး ခုလို အခြေအနေမျိုး တခါမှမကြုံတွေ့ဖူးကြောင်း သတင်းထဲမှာ ရေးသားထားပါတယ်။